Equality Myanmar

# ညှဉ်းပန်းနှိပ်စက်ခွင့်လိုင်စင် ?



၂၀၂၁ ခုနှစ် အာဏာသိမ်းရန်ကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်တပ်၏
ညှဉ်းပန်းနှိပ်စက်မှုများနှင့်ပတ်သက်၍ အတိုချုပ်လေ့လာသုံးသပ်ချက်

# အစီရင်ခံစာအနှစ်ချုပ်

မြန်မာစစ်တပ်သည် သမိုင်းတလျှောက် ငြိမ်းချမ်းစွာဆန္ဒပြမှုကို တားဆီး၊ ဖြိုခွင်းရာနှင့် လက်နက်ကိုင်တိုက်ပွဲများဖြစ်ပွားသည့် ဒေသများရှိ အပြစ်မဲ့ပြည်သူလူထုကို ပစ်မှတ်ထားဖိနှိပ်ရာတွင် ညှဉ်းပန်းနှိပ်စက်မှုကို ကျင့်သုံးသည့် ရှည်လျားသော နောက်ခံသမိုင်းကြောင်းရှိသည်။ မြန်မာနိုင်ငံအတွင်းမှ ညှဉ်းပန်းနှိပ်စက်မှုများကို စစ်ကြောရေးနှင့် အကျဉ်းထောင်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားသည့် ဒေသများအတွင်း အာဏာရှင်စစ်တပ် တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုဟူ၍ နှစ်မျိုးခွဲနိုင်သည်။ ထို့ပြင် ညှဉ်းပန်းနှိပ်စက်ခံရသူများကိုလည်း အုပ်စုနှစ်စု ခွဲခြားနိုင်သည်။ အဆိုပါအုပ်စုနှစ်စုမှာ နိုင်ငံရေးအသိုင်းအဝိုင်းနှင့် လက်နက်ကိုင်ခုခံတော်လှန်ရေးမှု ဖြစ်ပွားသည့်ဒေသမှ အပြစ်မဲ့အရပ်သားပြည်သူများ ဖြစ်သည်။

၁၉၈၈ လူထုအုံကြွမှုနောက်ပိုင်းတွင် မြန်မာစစ်တပ်၏ နှိပ်စက်ညှဉ်းပန်းမှု ပိုမိုမြင့်တက်လာခဲ့သည်။ အရပ်သားတပိုင်းအစိုးရလက်အောက် ၂၀၁၁ ခုနှစ်မှစတင်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုအမည်ခံဖြစ်စဉ်အတောအတွင်း လူနည်းစုတိုင်းရင်းသားဒေသများတွင် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာဆက်ဆံမှုများအပါအဝင် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ သို့သော် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်သည့် မှတ်တမ်းမှတ်ရာအများစုသည် ရက်စက်ကြမ်းကြုတ်မှုအတွက် တာဝန်ရှိသူများကို တာဝန်ခံခိုင်းနိုင်ရေးအတွက် ပြည်သူလူထုထံမှ အာရုံစိုက်မှုနှင့် နိုင်ငံတကာ၏ အားပေးကူညီမှုတို့ကို လုံလုံလောက်လောက် မရရှိခဲ့ပေ။ သို့ရာတွင် မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန် ကြိုးပမ်းမှုကို ငြိမ်းချမ်းစွာတွန်းလှန်ဆန့်ကျင်သည့် ပြည်သူများအပေါ် အကြမ်းဖက်မှုများ ပြောင်ပြောင်တင်းတင်း ပြုလုပ်ကာ ၎င်းတို့၏ ရက်စက်မှုနှင့် မကောင်းဆိုးရွားစရိုက်ကို သက်သေပြခဲ့ပေသည်။

အာဏာသိမ်းရန်ကြိုးပမ်းပြီးချိန်ကတည်းက စစ်ကောင်စီသည် ဖမ်းဆီးထားသူများထံမှ သတင်းအချက်အလက်များ ခြိမ်းခြောက်ရယူရန်သာမက ၎င်းတို့၏ ဒီမိုကရေစီအရေးလုပ်ဆောင်မှုများအတွက် အပြစ်ဒဏ်ခတ်၊ ကလဲ့စားချေရန်နှင့် ပြည်သူလူထုအကြား အကြောက်တရား ဖြန့်ဝေရန်အတွက် ညှဉ်းပန်းနှိပ်စက်မှုကို နည်းလမ်းတရပ်အနေဖြင့် အသုံးချခဲ့သည်။ မြန်မာစစ်ကောင်စီ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုကို စိတ်ထင်တိုင်းဆောင်ရွက်နေချိန်တွင် ညှဉ်းပန်းနှိပ်စက်မှုပုံစံများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကြိုးလွန်နေသည်မှာ ထင်ရှားသည်။ စစ်ကောင်စီသည် ဆန္ဒပြအရပ်သားပြည်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ CDM တွင် ပါဝင်သူများ၊ နိုင်ငံရေးသမားများ၊ NLD ပါတီဝင်များ၊ NLD ပါတီနှင့် ဆက်နွှယ်နေသူများအပြင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) နှင့် တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများ (EROs) များကို အားပေးထောက်ခံသူများအား ပို၍ပို၍ ဖမ်းဆီးလာခဲ့သည်။

အမျိုးသမီးနှင့် LGBTQI များသည် အမျိုးသားထက်ပို၍ မတန်တဆညှဉ်းပန်းနှိပ်စက်မှုနှင့် အကြမ်းဖက်မှုများကို ရင်ဆိုင်ကြရသည်။ ၎င်းတို့ကို စနစ်တကျ ပစ်မှတ်ထားခြင်းက ၎င်းတို့၏ လူ့အခွင့်အရေးကို ချိုးဖောက်ရုံမျှသာမက ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုအစဉ်အလာကိုလည်း ဖြစ်ပေါ်စေသည်။ အမျိုးသမီးများနှင့် LGBTQI များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကဲ့သို့ အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုပုံစံများအတွက် ပိုမိုအန္တရာယ်ကျ ရောက်နိုင်သူများ ဖြစ်သည်။

ပဋိပက္ခဖြစ်ပွားနေသည့်အခြေအနေများတွင် အမျိုးသမီးများနှင့် အမျိုးသမီးကဲ့သို့ ဝတ်ဆင်နေထိုင်သူများ အပါအဝင် LGBTQI များသည် ညှဉ်းပန်းနှိပ်စက်ခံရနိုင်ခြေ မြင့်မားသည်။ ကျူးလွန်သူများသည် ၎င်းတို့၏ ထိခိုက်အန္တရာယ်ကျရောက်နိုင်ခြေ ပိုများသည့်အခြေအနေကို အခွင့်ကောင်းယူ ခေါင်းပုံဖြတ်ကာ မုဒိမ်းကျင့်ခြင်းကို စစ်လက်နက်တခုအဖြစ် အသုံးပြုနေသည်။ မုဒိမ်းကျင့်ခြင်းနှင့် လိင်ကျွန်အဖြစ် ခိုင်းစေခြင်းတို့သည် အကြောက်တရားဖြန့်ဝေရန်နှင့် လူ့ဂုဏ်သိက္ခာထိခိုက်ပျက်စီးစေရန် အသုံးများသည့် နည်းဗျူဟာများ ဖြစ်သည်။ အဆိုပါ ညှဉ်းပန်းနှိပ်စက်မှုများသည် ကျူးလွန်ခံရသူများအပေါ် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု ချက်ချင်းဖြစ်စေရုံသာမက ကာလရှည်ကြာစိတ်ဒဏ်ရာများကိုပါ ဖြစ်ပေါ်စေသည်။

ယင်းအပြင် အမျိုးသမီးများနှင့် LGBTQI များသည် အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများ အပါအဝင် ထိန်းသိမ်းဖမ်းဆီးထားသည့် နေရာများ၌ လိင်အကြမ်းဖက်မှုနှင့် အခြားသော ညှဉ်းပန်းနှိပ်စက်မှုပုံစံများကို မကြာခဏ ကြုံတွေ့ကြရလေ့ရှိသည်။ အဆိုပါညှဉ်းပန်းနှိပ်စက်မှုများတွင် အလွန်အကျွံစစ်ဆေးရှာဖွေခြင်းမှသည် မရှိမဖြစ် ကျန်းမာရေးလိုအပ်ချက်များ ခံစားခွင့်မပေးခြင်း၊ သီးခြားဖယ်ထုတ်ထားခြင်းနှင့် နှုတ်အားဖြင့်စော်ကားခြင်းတို့အထိ ပါဝင်နိုင်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းချိန်၊ ဖမ်းဆီးချိန်၊ စစ်ကြောရေး၌ စစ်ဆေးချိန်နှင့် အကျဉ်းထောင်များအတွင်း၌ ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်ပွားလေ့ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်မညီဘဲ ဖမ်းဆီးခြင်း၊ စိတ်ထင်တိုင်းဖမ်းဆီးခြင်း၊ လိင်စိတ်ခံယူမှုအခြေပြု အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာပြုမူဆက်ဆံမှုများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသလို စစ်ကြောရေးစခန်းများ၊ အချုပ်ခန်းများနှင့် အကျဉ်းထောင်များမှာလည်း နိုင်ငံတကာစံနှုန်းများ၊ နိုင်ငံတကာသဘောတူစာချုပ်များနှင့် ကိုက်ညီနေခြင်းမရှိပေ။ ထို့အပြင် ညှဉ်းပန်းနှိပ်စက်မှုသည် အခြားသောမွေးရာပါ ရပိုင်ခွင့်များ၊ ဥပမာ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် အသက်ရှင်သန်ခွင့် ချိုးဖောက်မှုများနှင့်လည်း မကြာခဏဆိုသလို ဆက်စပ်နေသည်။

မိသားစုပေါင်းများစွာသည် မိမိတို့၏ မိသားစုဝင်များ အကျဉ်းထောင်တွင်းရောက်နေစဉ် သေဆုံးသွားသောကြောင့် တွေ့ဆုံနှုတ်ဆက်ခွင့်မရလိုက်သော ဖြစ်ရပ်များစွာ ရှိသည်။ ထို့အပြင် မိမိတို့မိသားစုဝင်များကို အကျဉ်းထောင်တွင်းသေဆုံးသွား၍ အလောင်းထုတ်သည့်အချိန်မှဖြစ်စေ၊ ဒဏ်ရာဗရပွနှင့်ဖြစ်စေ တွေ့ဆုံခွင့်ရသော မိသားစုများစွာလည်း ရှိသည်။ အကျဉ်းသားပေါင်းများစွာသည် ညှဉ်းပန်းနှိပ်စက်ခံရလေ့ရှိပြီး အသက်သေဆုံးသည်အထိ ဖြစ်ပေါ်နေမှုများ ရှိသည်ကို အဆိုပါ အထောက်အထားများက ဖော်ပြနေသည်။

သေဆုံးသွားသည့် မိမိတို့၏ မိသားစုဝင်များကို တွေ့ဆုံခွင့်ဆုံးရှုံးခဲ့သည့် မိသားစုများ၏ ဝမ်းနည်းဖွယ်ဖြစ်ရပ်များသည် အဖြစ်များသော ဖြစ်ရပ်ဖြစ်သလို နိုင်ငံတဝန်း ဆက်လက်ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အထောက်အထားဖော်ပြနေသည်။ အကျဉ်းသားသေဆုံးရခြင်းအတွက် ကျန်းမာရေးအကြောင်းပြချက်များပေးလေ့ရှိသော်လည်း မိသားစုရုပ်အလောင်းမြင်တွေ့ခွင့်မရခြင်းက အကျဉ်းသားများကို ထောင်တွင်းနှိပ်စက်သတ်ဖြတ်နေသည်ဆိုသည့် အချက်ကို ထပ်လောင်းခိုင်မာစေသည်။

စစ်ကောင်စီသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေနှင့် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေတို့ကို ချိုးဖောက်နေသကဲ့သို့ အမျိုးသမီး၊ ကလေးနှင့် မသန်စွမ်းသူများ အပါအဝင် ပိုမိုအန္တရာယ်ကျ ရောက်လွယ်သူများပေါ် အကြမ်းဖက်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုပေါင်းများစွာအတွက် တာဝန်ရှိနေသည်။ အဆိုပါ ချိုးဖောက်မှုလုပ်ရပ်များသည် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေးစာချုပ် (CEDAW)၊ ကလေးသူငယ်အခွင့်

အရေးဆိုင်ရာ သဘောတူစာချုပ် (CRC) နှင့် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD) တို့ကို ပင် တိုက်ရိုက်ချိုးဖောက်နေခြင်း ဖြစ်သည်။ CEDAW, CRC နှင့် CRPD တို့သည် လူ့အဖွဲ့အစည်းအတွင်းမှ အချို့အုပ်စု များ၏ ရပိုင်ခွင့်နှင့် ဘေးကင်းလုံခြုံရေးကို သီးသန့်ကာကွယ်ပေးသည့် စာချုပ်များဖြစ်ပြီး မြန်မာအပါအဝင် စာချုပ် အဖွဲ့ဝင်နိုင်ငံများကို အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ညှဉ်းပန်းနှိပ်စက်မှုနှင့် အကြမ်းဖက် မှုများမှ အသေအချာကာကွယ်ပေးရန် လမ်းညွှန်ချက်နှင့် ဝတ္တရားများ ရှင်းရှင်းလင်းလင်း ချမှတ်ထားပြီး ဖြစ်သည်။

ယင်းအပြင် မြန်မာစစ်တပ်၏ ရက်စက်ကြမ်းကြုတ်မှုများသည် အကြမ်းဖက်မှုထက်ပင် ကျော်လွန်သွားပြီ ဖြစ်ကာ ပြည်သူလူထုအပေါ် အလွန့်အလွန် ဆိုးရွားသော ရာဇဝတ်မှုများ ပါဝင်နေသည်။ အဆိုပါ ပြစ်မှုများသည် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းများနေထိုင်သည့် ဒေသများတွင် အထူးသဖြင့် ကျူးလွန်လေ့ရှိပြီး ရလဒ်အနေဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အတိဒုက္ခနှင့် သေကြေပျက်စီးမှုများ ဖြစ်လာခဲ့သည်။

ဤလေ့လာသုံးသပ်ချက်တွင် မြန်မာစစ်တပ်၏ နိုင်ငံရေးအကျဉ်းသားများအပေါ်နှင့် လက်နက်ကိုင် ပဋိပက္ခအတွင်း အပြစ်မဲ့ အရပ်သားပြည်သူများအပေါ် ညှဉ်းပန်းနှိပ်စက်သည့် အလေ့အထများ၏ နောက်ကြောင်း ကို ပြန်လည်ဖော်ပြထားသလို စစ်ကြောရေးစခန်းများ၊ ရဲအချုပ်များ၊ အကျဉ်းထောင်နှင့် လက်နက်ကိုင်တိုက်ပွဲ ဖြစ်ပွားသည့် ဒေသများ၌ ဆိုးရွားရက်စက်ပြီး လူမဆန်သည့် ဆက်ဆံမှုများ သို့မဟုတ် အပြစ်ပေးမှုများနှင့် ပတ်သက်သည့် အခြေအနေများကို မီးမောင်းထိုးတင်ပြထားသည်။ ညီမျှခြင်းမြန်မာသည် နိုင်ငံရေးလှုပ်ရှား မှုကြောင့် ဖမ်းဆီးခံရသူများ၊ နိုင်ငံရေးအကျဉ်းသားများနှင့် လက်နက်ကိုင်ခုခံတော်လှန်ရေးအုပ်စုများနှင့် စစ် ကောင်စီတပ်များအကြား တိုက်ပွဲများ၏ ဒဏ်ခံနေရသော ဒေသများ အရပ်သားပြည်သူများအပေါ် ညှဉ်းပန်း နှိပ်စက်မှုနှင့် ပတ်သက်သည့် ဖြစ်စဉ် ၂၀၀ ကျော်ကို ကောက်ယူခဲ့ထားသည်။

# အကြံပြုတိုက်တွန်းချက်များ

### ကုလသမဂ္ဂ

- မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) သို့ လွှဲပြောင်းပေးအပ်ရန်၊
- လက်နက်၊ လေယာဉ်ဆီနှင့် ငွေကြေးများ မြန်မာနိုင်ငံအတွင်းသို့ စီးဝင်နေသည့်လမ်းကြောင်းများကို ဖြတ်တောက်ပြီး မြန်မာစစ်ကောင်စီကို တရားဝင်မှု မပေးဘဲပြင်းပယ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ ရက်စက်ကြမ်းကြုတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အဆုံးသတ်ရေး ခိုင်မာ၊ ထိရောက်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် လုပ်ဆောင်မှုများ ချမှတ်ရန်၊
- အကျဉ်းထောင်အတွင်း အကျဉ်းသား၏ရပိုင်ခွင့် ထိခိုက်လျော့ပါးခြင်းမရှိဘဲ လူများဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ဖြစ်နိုင်သည့် ယန္တရားနှင့် လမ်းကြောင်းများမှတဆင့် အချိန်မဆိုင်းဘဲ ချက်ချင်းလုပ်ဆောင်ရန်။

### အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (အာဆီယံ)

- ညှဉ်းပန်းနှိပ်စက်မှုအပါအဝင် ရက်စက်ကြမ်းကြုတ်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးကို ခြွင်းချက်မရှိ ရှုတ်ချရန်၊
- ဘုံသဘောတူညီချက်ငါးရပ်ကို ပြင်ဆင်ရေးဆွဲရန်၊
- အာဆီယံအထူးသံတမန်အနေဖြင့် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေး အခြေအနေများကို ဖြေရှင်းရန်အတွက် ပါဝင်ဆက်စပ်သူအားလုံးနှင့် ထိတွေ့ဆက်ဆံပြီး နိုင်ငံရေးအကျဉ်းသားများအတွက် လုံခြုံရေးနှင့် ဘေးကင်းရေးကို နိုင်ငံတကာစံနှုန်းများနှင့်အညီတောင်းဆိုနိုင်သည့်အထိ အာဆီယံအထူးသံတမန်၏ လုပ်ပိုင်ခွင့်အာဏာကို ပြင်ဆင်ပြီး ပိုမိုအားကောင်းခိုင်မာအောင်လုပ်ဆောင်ရန်၊

### အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

- နိုင်ငံတကာရာဇဝတ်တရားရုံး (ICC)၊ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရား (IIMM)၊ မြန်မာနိုင်ငံအတွက် လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးအရာရှိ (SR)၊ အခြားသက်ဆိုင်ရာကဏ္ဍအလိုက် အထူးစုံစမ်းစစ်ဆေးရေးအရာရှိများ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံး (OHCHR) တို့နှင့် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ရန်၊
- အကျဉ်းထောင်တွင်းအခြေအနေများကို အမှီအခိုကင်းပြီး အဓိပ္ပာယ်ပြည့်ပြည့်ဝဝ စုံစမ်းပေးရေးအတွက် နိုင်ငံတကာကို တောင်းဆိုပြီး ညှဉ်းပန်းနှိပ်စက်မှု ကျူးလွန်ခံရသူများ၏ မိသားစုများအတွက် တရားမျှတမှုရရှိရေးကို
- နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းစဉ်များအတွင်း ထည့်သွင်းတောင်းဆိုရန်၊
- ညှဉ်းပန်းနှိပ်စက်မှုများမှ အသက်ရှင်ကျန်လွတ်မြောက်သူများနှင့် ၎င်းတို့၏ မိသားစုများအတွက် ရေရှည်တည်မြဲသည့် စိတ်ပိုင်းဆိုင်ရာ ဖုလုံဘေးကင်းရေးနှင့် ပြန်လည်ထူထောင်ရေးမူဝါဒတရပ်ကို အသွင်ကူးပြောင်းမှုကာလ တရားမျှတမှုဆိုင်ရာ မူဝါဒ၏ အစိတ်အပိုင်းတရပ်အနေဖြင့် ချမှတ်ရန်။